# ခေတ်သစ်ရက္ခိုင့်စာပီဆိုင်ရာ ကြေညာစာတမ်း

စာပီမြင့်ခါမှရာ လူမျိုးလေ့အဆင့်ဟိပါဖို့။ ရက္ခိုင်စာပီဖွံ့ဖြိုးတိုးတက်လာစီဖို့ တာဝန်အဟိဆုံးလူတိက ရခိုင်သား ရခိုင်သမတိဖြစ်တေပိုင် ရခိုင်နန့် ရခိုင်ကြားထဲက အဓိကဆက်သွယ်မှုလမ်းမစွာ ဒေစာပီဘာသာစကားရာ ဖြစ်ပါရေ။ ဇာလူသားပင်ဖြစ်ဖြစ် တန်ဖိုးကြီးမြတ်ပြီးကေအနစ်သာရနန့် ပြည့်စုံရေစာပီကို ကိုယ့်အမင်ဘာသာစကားနန့် ရာ ထုဆစ် ဖန်တီးလို့ ရနိုင်ပါရေ။ ရခိုင်ရို့ ရင်ဖတ်ထဲက ဖြစ်တည်ဟိနီရေခံစားချက်တိကို အဓိပ္ပါယ်ပြည့်ပြည့်ဝဝ ဖော်ဆောင်ပီးနိုင် စွာက ဘာသာစကားစာပီရာဖြစ်လို့ ရခိုင့်စံရခိုင့်ဟန်နန့် ရခိုင်ရို့ ရန့် ထုံသင်းပနာ ရခိုင်တိအားလုံးဆုံတွိနိုင်ရေ နီရာသစ် ရက္ခိုင့်စာပီလောကကို တတ်နိုင်ရေဖက်က တတ်စွမ်းရေ လုံ့လ ဉာဏ်အင်အားနန့် လက်တွဲဝိုင်းဝန်း တည်ဆောက် လားကတ်ပါမေ။

ဒေနိ ရခိုင်တယောက် ကလောင်ကိုကိုင်ခြင်းရေ ဘက်ပေါင်းစုံကအောက်ကျနောက်ကျဖြစ်နီကတ်ရရေ ရခိုင်ရို့ လူ့ ဘောင် အနာဂတ်မှာ လွတ်လမ်းမြင်ဖို့ အလင်းထွန်းပီးရေ လမ်းပြကြယ်ချေတစင်း ဖြစ်လာခြင်းပင် ဖြစ်ပါရေ။ ရခိုင် စာပီစကားတည်တံ့ဖွံ့ဖြိုးရေးတာဝန်ကိုထမ်းထားကတ်တေ ရခိုင်စာရွီးဆရာ၊ ဆရာမတိရေ သွီးစစ်တေအမျိုးချစ်ခြင်း ကို လက်တွိအကောင်အထည်ဖော်ပြနီခြင်းပင်ဖြစ်ပါရေ။

ဇာအခက်အခဲအတားအဆီးစိန်ခေါ်မှုတိနန့် ရင်ဆိုင်ရဘတ်စီ စာပီအလင်းကို မာန်တင်းပနာ ထွန်းထားကတ်ရဖို့ စွာက ခေတ်သစ်ရက္ခိုင့်စာပီကြေညာစာတမ်း၏သစ္စာစကားပင်ဖြစ်ပါရေ။ ။ ။

AllArakan.Ning.Com
1 May 2009